# တာဓတ

# တောင်တော်ဘုရင်မ



# (၁)

မရမ်းသီးလေးတွေ ပေါ်စအချိန်ဗျ။

ကျုပ်တို့ အညာမှာ အအေးတော့ လျော့သွားပြီ။ နေ့ခင်းနေ့လယ်ဆိုရင် အပူရှိန်လေးတိုးလို့ ဗျ။

"ဟဲ့ တာတေ၊ လာဟေ့၊ ထမင်းစားမယ်"

ကျုပ်က နှမ်းပြာဖို့ အဘ ဆန်ကောရက်လက်စတွေ ဆက်ရက်နေတာဗျ။ မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်ပေါ်မှာ လေဗျာ။ ရေနွေးကြမ်းလေးသောက်လိုက်၊ နဂါးဆေးပေ့ါလိပ်ကလေးဖွာလိုက်၊ လက်ဖက်ကလေး တစ်ဇွန်းခပ်ပြီး ဝါးလိုက်၊ ဆန်ကောရက်လိုက်နဲ့ အညာသားစည်းစိမ်လေး ယစ်နေတာ ပေ့ါဗျာ။ အဘကတော့ စောစောကတည်းက အိမ်ပေါ်တက်သွားပြီဗျ။

"အမေ ဘာချက်တုန်း"

"အောင်မာ၊ ဒီလာကြည့်တော့ သိလိမ့်မပေ့ါ"

ကျုပ်လက်ဆေးပြီး အိမ်ပေါ်တက်ခဲ့သဗျ။

"ဟ ... ဝက်သားပါလား အမေရ"

"အေး ... ငပိန်တို့ ပေါ်တာ ဝက်ကုပ်သားကို မရမ်းသီးလေးတွေနဲ့ ချက်ထားတာ၊ ညောင်ဦး ပုန်းရည်ကြီးလေးတွေလည်း ကျန်သေးတာနဲ့ ၊

ဟောဒီမှာ သုပ်လို့ ၊ မောင်မခေါ်ပဲကို ဆူးပုပ်ရွက်အုပ်ပြီး ပဲဟင်း ရည် သောက်ချက်ထားတာ နင့်အကြိုက်လေ"

အမေ့စကားတောင် မဆုံးသေးပါဘူးဗျာ၊ ကျုပ်က ပါးစပ်ထဲကို ထမင်းသုံးလုတ်လောက် ရောက်သွား ပြီဗျ။

"ဟဲ့ ... ဖြည်းဖြည်းလည်း စားပါ တာတေရယ်၊ ထမင်းလည်း နင်ပါဦးမယ်"

အဘကတော့ ကျုပ်စားနေတာကိုကြည့်ပြီး ပြုံးပြုံးကြီးဗျ။

"ငွေစိန်၊ နင့်သားကတော့ ဝက်သားဆိုရင် ခေါင်းမဖော်တော့ဘူးဟေ့ "

ကျုပ်ဖြင့်ဗျာ အမေချက်ထားတဲ့ ဝက်ကုပ်သားနဲ့ မရမ်းသီးချဉ်ဖြုံးဖြုံးလေးနဲ့ ထမင်း ဘယ်နှပန်းကန် စားမိမှန်းကို မသိပါဘူးဗျာ။ ထမင်းစားပြီးလို့ နဂါးဆေးပေ့ါလိပ်ကလေးဖွာပြီး အရသာခံနေတာဗျို့။

"တာတေရေ၊ တာတေ"

ဟင်၊ ဘယ်သူများ တုံး။ ကျုပ်က ဝိုင်းဝကို ကပျာကယာကြည့်လိုက်တယ်။ ဟာ၊ ဘိုးညိုတို့ အိမ်ကပါလား၊ ဘိုးညိုသမက် ကိုအုန်းညွန့်ပဲ။ ဘိုးညိုဆိုတာ ဘန့်ဘွေးကုန်းက ဘိုးလူပေ လာရင် တည်းနေကျ အိမ်လေဗျာ။ ဘိုးစိန်ညိုဆိုတာ လွှတ်စိတ်တိုတဲ့ ဘိုးတော်ကြီးလေဗျာ။ ဒီတစ်ခါတော့ သားကြီးမလာပဲ သမက်ကို လွှတ်လိုက်တာဗျ။

"ဟော ကိုကြီးအုန်းညွန့် လာလေဗျာ"

"ဟဲ့ အုန်းညွန့်၊ ထမင်းစားပြီးပြီလား၊ မပြီးသေးရင် စားလေ၊ အရီး ဝက်သားချက်လို့ ဟဲ့၊ နင့်ညီ တာတေတော့ ထမင်း လေးပန်းကန်စားပြီး ငြိမ်နေပြီဟေ့"

"စားပြီးပြီ အရီးရဲ့ ၊ ခုပဲ စားပြီးတာ၊ ထမင်းစားပြီးတာနဲ့ ဘိုးတော် လွှတ်လို့ လာရတာ၊ ယောက်ဖတွေ ကလည်း မီးလောင်ကုန်း သွားနေကြတော့ ကျုပ်ပဲ အိမ်မှာ ရှိတာ အရီးရဲ့ "

"အေး အေး၊ နင့်ယောက္ခမ စိန်ညိုကတော့ ခုဆို ခုမှ ဟော့၊ မွေးကတ ည်းက စိတ်တိုလာတဲ့ ကောင်ဟဲ့၊ ဒီအကောင်က"

"ဟား၊ ဟား၊ ဟား၊ ဟား"

ကိုအုန်းညွှန့်ကြီးက အမေပြောတာကြားတော့ ရယ်လိုက်တာဗျာ။

"အုန်းညွှန့် ဒီတစ်သီး တော်တော်ရလားဟေ့၊ မင်းယောက္ခမ ယာက"

"ရတယ် ဘိုးညဏ်ရဲ့ ၊ နှမ်းအတင်းခြောက်ဆယ်လောက် ရတယ်"

"ဩော် ... ရသားပဲကွ၊ ဒါဆို စိန်ညို ပျော်နေမှာ ပေ့ါ"

"ဟုတ်ပ့ါ ဘိုးရာ၊ နှမ်းရပေလို့ ပဲ၊ မရသာ မရရင် ကျုပ်တို့ ကို မဲမှာ ဗျ "

"ဟား၊ ဟား၊ ဟား၊ ဟား စိန်ညိုကတော့ကွာ"

အဘတို့ အမေတို့ နဲ့ ဘိုးညိုနဲ့ က ငယ်သူငယ်ချင်းတွေလေဗျာ။ တစ် ယောက်အကြောင်း တစ်ယောက် သိပြီးသားတွေပေ့ါဗျာ။

"နေပါဦး ကိုကြီးအုန်းညွှန့်ရဲ့ ၊ ခုလာတာ ကိစ္စရှိလို့ လား"

ကျုပ်က ကိုအုန်းညွှန့်ကို နဂါးဆေးပေ့ါလိပ်ကလေး တစ်လိပ် မီးညှိပြီးကမ်းပေးရင်းနဲ့ မေးလိုက်တာဗျ။

"ကိစ္စရှိဆို မင်းဆရာကြီး ဘိုးလူပေ ရောက်နေတယ်ကွ တာတေရ၊ ဘိုးလူပေက ဒီတစ်ခါလာတာ တော်တော်ကို အရေးကြီးတဲ့ ပုံပဲကွ"

"ဟင် ... ဘိုးလူပေ ဘယ်တုံးက ရောက်တာတုန်း ကိုကြီးအုန်းညွှန့်

ရဲ့ "

"ဟ ... အခုနလေးတင် ရောက်တာကွ၊ အဲဒါ ရောက်တယ်ဆိုရင် အိမ်ကလူတွေက ဘိုးလူပေကို ထမင်းပြင်ပြီး ကျွေးကြတာ၊ အဲဒါ ထမင်းစားရင်းနဲ့ ကို ပြောနေတာပေါ့၊ တာတေကို သွားခေါ်ဖို့ ၊ ခရီးဝေး ထွက်ရမယ်၊ လိုတာတွေယူပြီး ချက်ချင်းလိုက်ခဲ့ဖို့ တဲ့ ကွာ"

"နို့ ဘိုးလူပေက ခုမှ ရောက်တယ်လည်း ဆိုသေး ကျုပ်က ခုချက်ချင်း လိုက်ခဲ့ရမယ်ဆိုတော့ ခရီးက ဘယ်တော့ထွက်မို့တုံး ကိုကြီးအုန်းညွန့်ရဲ့ "

"ဟ ... အခု ထွက်မှာ တဲ့ ဗျာ"

"ဗျာ ... ဘိုးလူပေ ဘာတွေများ အရေးကြီးနေပါလိမ့်ဗျာ"

"ဒါတော့ မသိဘူးကွ၊ ခုရောက်ပြီး အခုပြန်ထွက်မှာ တဲ့ ပေါ့၊ ဒါကြောင့် မင်းကို ချက်ချင်းခေါ်ခိုင်းတာ"

ကျုပ်က အဘနဲ့ အမေ့ဆီမှာ ခွင့်တောင်းပြီး အဝတ်အပိုတစ်စုံကို ဆေးလွယ်အိတ်ကြီးထဲမှာ ထည့်ပြီး ကိုကြီးအုန်းညွန့်နဲ့ လိုက်ချခဲ့ရတော့တာပေါ့ဗျာ။

ခက်တော့ ခက်သားဗျ။ ဆရာကြီးတွေရဲ့ လမ်းကြောင်းမှာ က အခုထိုင်ဆိုရင် ထိုင်ရတာ။ အခုထဆိုရင် ထရတာဗျ။ ကျုပ်ကလည်း ဘိုးလူပေ အရေးတကြီးဖြစ်နေပုံကို ကြားတာနဲ့ တင်လွှတ်စိတ်ဝင်စားနေပြီဗျို့။ ဘန့်ဘွေးကုန်းကိုရောက်တော့ ဘိုးလူပေက ထမင်းစားပြီးလို့ အကြမ်းထိုင်သောက်နေတာဗျ။

ကျုပ်က ဘိုးလူပေကို တွေ့တွေ့ချင်း ကန်တော့လိုက်တယ်။

"မောင်တာတေ နေကောင်းလားကွဲ့၊ မိဘများ ရော

နေထိုင်ကောင်းကြရဲ့ လား"

"ကောင်းပါတယ် ဆရာကြီး"

"ကိစ္စက တော်တော်လေး အရေးကြီးနေတာကွဲ့၊ အချိန်မီအောင် သွားရမဲ့ကိစ္စမို့လို့ ၊ ကျုပ်က မောင်တာတေကို ချက်ချင်း ခေါ်ခိုင်းလိုက်ရတာကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ် အဆင်သင့်ဖြစ်ပါပြီ"

"အေး ... သာခုကွယ်၊ သာခု၊ သာခု"

ဘိုးညိုက သူကိုယ်တိုင် လှည်းကောက်ထားတာဗျ။ ဘိုးညိုနွားကြီးတွေက နွားဖြူကြီးတွေက နွားသန့် နွားချောကြီးတွေဗျ။

"ကဲ ... အုန်းညွန့်၊ မင်းပဲ လိုက်ပို့ပေတော့ကွာ၊ ငါ့ဆရာက တော်တော်ကို အရေးကြီးနေတာကွဲ့၊ မြို့ အရောက်ပို့ပြီးမှ ပြန်ခဲ့ပေတော့၊ မြို့ရောက်ရင် လက်စနဲ့ ဈေးလေးဘာလေးလည်း နည်းနည်းပါးပါး ဝယ်ခဲ့ပေါ့ကွာ"

"ဟုတ်ကဲ့ အဘ၊ ကျုပ် လိုက်ပို့လိုက်ပ့ါမယ်"

"ကဲ ... ဒါဆိုလည်း သွားကြစို့ကွယ်"

ဘိုးလူပေက ပြောပြောဆိုဆိုနဲ့ ရှေ့က ဆင်းရောဗျ။ ကျုပ်က သူ့လွယ်အိတ်ကို ယူလွယ်လိုက်တယ်။ ကျုပ် ဆေးအိတ်ကို စလွယ်သိုင်းလွယ်ပြီး ဘိုးလူပေအိတ်ကို ပခုံးမှာ လွယ်ရတာပေါ့ဗျာ။

"ဟဲ့ နွား"

ကျုပ်တို့ လှည်းပေါ်ထိုင်ပြီးတာနဲ့ ကိုကြီးအုန်းညွန့်က နွားငေါက်ပြီး ဝိုင်းထဲက ထွက်တော့တာပဲဗျို့။

"ကဲ ... ကိုညို ကျုပ်သွားပြီနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့ပါဗျာ"

ဘိုးညိုက ပြတင်းပေါက်မှာ ရပ်ပြီး ဘိုးလူပေကို လက်အုပ်ချီတယ်ဗျ ။

ကိုကြီးအုန်းညွန့်က လှည်းကို ခပ်သွက်သွက်မောင်းနေတာဗျို့။ ကျုပ်တို့ ကို မြို့အရောက်ပို့ပြီးရင် သူ ဈေးဝယ်ရဦးမှာ လေ။ ပြီးတာနဲ့ ရွာပြန်ရမှာ ၊ မိုးချုပ်မှ အိမ်ရောက်မှာ ပေ့ါဗျာ။ ဒီခရီးမျိုးကို ကျုပ်တို့ အညာသား တွေက သွားနေကျဗျ။

"မောင်တာတေရေ၊ ကိစ္စက သေရေးရှင်ရေးထက် အရေးကြီးတယ်ကွ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မောင်တာတေ၊ ပန်ထွာဘုရင်မကို ကြားဖူးသလား"

"ကျုပ် ဝတ္ထုစာအုပ်ထဲမှာ တော့ ဖတ်ဖူးသား ဆရာကြီးရဲ့ "

"ဩော် .. ဟုတ်လား၊ အေး ... အခုသွားမဲ့ခရီးက ပန်ထွာဘုရင်မကို အရအမိ ကယ်ရမဲ့ကိစ္စကွဲ့"

"ဗျာ ... ဆရာကြီးကလည်း ကျုပ် ဝတ္ထုစာအုပ်ထဲမှာ ဖတ်ဖူးတာက ပန်ထွာဘုရင်မဆိုတာ ကြာလှပြီ ပဲဗျာ၊ ပျူခေတ်က ရှိခဲ့တာတဲ့ ။ ဒါကလည်း ဝတ္ထုလိုလို ပုံပြင်လိုလိုပါ ဆရာကြီးရာ၊ တကယ်ရှိတာ ဟုတ်ချင်မှ ဟုတ်မှာ ပါ"

ကျုပ်စကားကို ကြားတော့ ဘိုးလူပေက ပြုံးတယ်ဗျ။

"တကယ်ရှိတာပါ မောင်တာတေရဲ့ "

"ဟင် ... ဟုတ်လား ဆရာကြီး၊ ဒါပေမဲ့ ပန်ထွာဘုရင်မက ပျူခေတ် ကတည်းကပဲဟာ၊ အခု ဘယ်ရှိတော့မှာ တုံး၊ ဆရာကြီးရဲ့ "

"အခုလည်း ရှိတယ်ကွဲ့"

"ဟင် .. ဟုတ်လား ဆရာကြီး၊ ဒါဆိုရင် အသက်ဘယ်နည်းတော့မှာ တုံး ဆရာကြီးရဲ့ ၊ အဘွားအိုကြီး ဖြစ်နေရောပေ့ါ"

"ကျုပ်လည်း မတွေ့ရသေးဘူးကွဲ့ မောင်တာတေရဲ့ "

"နို့၊ ပန်ထွာဘုရင်မက ဘယ်မှာ နေတာတုံး ဆရာကြီး"

"အဲ ... ဒါလည်း ကျုပ် မသိဘူးကွဲ့"

"ဗျာ ... ဆရာကြီး စောစောကပြောတော့ ဘုရင်မကို ကယ်ဖို့ သွားမှာ ဆို၊ နေရာမသိတော့ ဘယ်လိုများ သွားမှာ တုံးဗျာ"

ကျုပ်စကားကို ကြားတော့ ဘိုးလူပေက ပြုံးပြန်ရောဗျ။

"မောင်တာတေ မေးတာ မေးထိုက်ပါတယ်လေ၊ ဒါပေမဲ့ မပူနဲ့ ကွဲ့၊ ကျုပ်တို့ က တစ်နေရာကို သွားရုံပါပဲ၊ အဲဒီမှာ နေရာသိတဲ့ သူက စောင့် နေလိုက်မယ်"

"ဩော် ... ဒီလိုလား၊ ဒါနဲ့ ဆရာကြီးရဲ့ ၊ ကျုပ်ဖတ်ဖူးတဲ့ ဝတ္ထုထဲမှာ က ပန်ထွာဘုရင်မက စစ်ရှုံးသွားလို့ ဒွတ္တဘောင်ဘုရင်ရဲ့ မိဖုရားဖြစ်သွားတယ် ဆရာကြီးရဲ့ "

"ဟား ဟား ဟား ဒါက ဝတ္ထုဇာတ်လမ်းရေးကြတာပါကွယ်၊ ဘုရင်မ က ဘယ်သူ့မိဖုရားမှ မဖြစ်ခဲ့ပါဘူး၊ ဘုရင်ဖမ်းပြီးခေါ်သွားတာက ပန်ထွာမိဖုရားရဲ့ နန်းတွင်းမှာ ခစားတဲ့ ပဥ္စလက်အတတ်ကို တစ်ဖက် ကမ်းခပ်အောင်တတ်တဲ့ ရှင်ထွေးဖြူပါကွယ်၊ ရှင်ထွေးဖြူက သူတတ်

ထားတဲ့ ပဥ္စလက်အတတ်နဲ့ သူ့ကိုယ်သူ ပန်ထွာဘုရင်မရဲ့ ချွတ်စွပ်တူ အောင်ဖန်ဆင်းပြီး အဖမ်းခံလိုက်တာပါ။ ဘုရင်ကလည်း ရှင်ထွေးဖြူကို ပန်ထွာဘုရင်မပဲထင်ပြီး မိဖုရားမြှောက်ခဲ့တာပါ။ ဘုရင်မကို ပထမံ ပုဂ္ဂိုလ်ကြီးတွေ ခေါ်သွားပြီး အလယ်ရိုးမ ပေါ်က တောင်ကြီးတစ်လုံးမှာ ထားလိုက်ကြတာကွဲ့၊ အဲဒီတောင်ကိုလည်း ဘုရင်မတောင်လို့ အမည်ပေး လိုက်ကြတာ၊ ဘုရင်မက အသက်ငါးရာပြည့်တိုင်း ထုံတစ်ခါကူးပြီး နေလာခဲ့တာ မောင်တာတေရဲ့ ၊ ပန်ထွာ ဘုရင်မက မသေပါဘူး"

"ထုံကူးတယ်ဆိုတာ ဘာတုံး ဆရာကြီးရဲ့ "

"မောင်တာတေ နားလည်အောင် ပြောရရင် အသက်ဆက်တာပေါ့ကွယ်၊ အသက်ဆက်ပြီး ဘဝအသစ်နဲ့ ဆက်နေတာပေါ့ လူကလေးရယ်"

"ဒါဆိုရင် ပန်ထွာဘုရင်မက နတ်သမီးဖြစ်သွားတာလား ဆရာကြီး"

"ဟာ ... မဟုတ်ပါဘူးကွဲ့၊ လူပါပဲ၊ ဒါပေမဲ့ လူ့ဘုံထဲမှာ တော့ မရှိတော့ဘူးကွဲ့၊ ဘုံနဲ့ ပြောရင် နတ်ဘုံ ထဲမှာ ပဲ ထည့်ပြောရတယ်"

"ဒါဆိုရင် ဆရာကြီး ဘုရင်မကို ပန်ထွာလို့ ပဲ ခေါ်တာပဲလားဗျ"

"ဟာ .... အဲဒီလို မခေါ်ကြတော့ဘူးကွဲ့၊ အထက်ပုဂ္ဂိုလ်ကြီးတွေ ခေါ်တာကတော့ တောင်တော်ဘုရင်မ လို့ ခေါ်ကြတယ်၊ ကျုပ်လည်း အစကတော့ သူတို့ ပြောပြောနေတဲ့ တောင်တော်ဘုရင်မဆိုတာ ဘယ်သူမှန်း သိတာ မဟုတ်ဘူး ကွဲ့၊ အခု ဒီကိစ္စပေါ်လာမှ တောင်တော်ဘုရင်မဆိုတာ ပန်ထွာဘုရင်မကို ခေါ်တာမှန်း သိတာ"

"ပန်ထွာဘုရင်မအကြောင်းကို ဆရာကြီးသိတာ ကြာပြီလား"

ကျုပ်ကလည်း မနေနိုင်ဘူးဗျို့၊ လွှတ်စပ်စုတဲ့ ကောင်လေဗျာ။

"အထက်ပုဂ္ဂိုလ်ကြီးတွေက အခုကိစ္စကို တာဝန်ပေးတော့မှ ကျုပ်ကို

အကျိုးအကြောင်းတွေ ပြောပြ ကြတာပေါ့ကွယ်"

"ဒီအကြောင်းတွေကြားတော့ ကျုပ်ဖြင့် ယုံတောင်မယုံနိုင်အောင် ဖြစ်သွားတာ ဆရာကြီးရဲ့ ၊ ကျုပ်ကတော့ ဝတ္ထုထဲကအတိုင်း ပန်ထွာဘုရင်မဟာ သရေခေတ္တရာဘုရင်ရဲ့ မိဖုရားဖြစ်သွားတယ်ပဲ ထင်တာဗျ"

ဘိုးလူပေက ခေါင်းခါပြပြီး ပြုံးတယ်။